# ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် (PIM)
# လမ်းညွှန်ချက်

၂၀၂၀ ပြည့်နှစ်၊ ဧပြီလ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း (၁) – ခေါင်းစဉ် နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက် | ၁ |
| ၂။ | အခန်း (၂) – ရည်ရွယ်ချက် | ၃ |
| ၃။ | အခန်း (၃) –WUG/ WUA တည်ထောင်ခြင်း | ၃ |
| ၄။ | အခန်း (၄) – WUA နှင့် WUG ၏ အသင်းဝင်ဖြစ်ခြင်း | ၄ |
| ၅။ | အခန်း (၅) – WUG ဖွဲ့စည်းခြင်း | ၆ |
| ၆။ | အခန်း (၆) – WUA ဖွဲ့စည်းခြင်း | ၇ |
| ၇။ | အခန်း (၇) – WUG ခေါင်းဆောင်များ၏ ကိုယ်စားပြုခြင်း | ၈ |
| ၈။ | အခန်း (၈) – အမှုဆောင်အဖွဲ့ဝင်များ၏သက်တမ်း | ၉ |
| ၉။ | အခန်း (၉) – နယ်မြေစီမံခန့်ခွဲပိုင်ခွင့် | ၉ |
| ၁၀။ | အခန်း (၁၀) – WUA မှတ်ပုံတင်ခြင်း | ၉ |
| ၁၁။ | အခန်း (၁၁)– WUA မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်း | ၁၁ |
| ၁၂။ | အခန်း (၁၂)– ယာယီရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းနှင့် ဖယ်ရှားခြင်း | ၁၁ |
| ၁၃။ | အခန်း(၁၃)– စီမံခန့်ခွဲမှုဆိုင်ရာ ပြန်လည်သုံးသပ်ရန် တောင်းဆိုခြင်းနှင့် ဖျက်သိမ်းခြင်း | ၁၃ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | အခန်း (၁၄)- ညွှန်ကြားချက်များ၊ အစီရင်ခံစာများနှင့် စုံစမ်းမေးမြန်းခြင်းများ | ၁၅ |
| ၁၅။ | အခန်း (၁၅)- ရွေးကောက်ပွဲ | ၁၇ |
| ၁၆။ | အခန်း (၁၆)- WUG ၏ အခန်းကဏ္ဍနှင့် တာဝန်ယူမှုများ | ၁၈ |
| ၁၇။ | အခန်း (၁၇)- WUA ၏ အခန်းကဏ္ဍနှင့် တာဝန်ယူမှုများ | ၁၉ |
| ၁၈။ | အခန်း (၁၈)- ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၂၁ |
| ၁၉။ | အခန်း (၁၉)- ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ WUA သို့ လုပ်ထုံးလုပ်နည်းများ လွှဲပြောင်းခြင်း | ၂၂ |
| ၂၀။ | အခန်း (၂၀)- အငြင်းပွားမှု ဆုံးဖြတ်ချက် | ၂၂ |
| ၂၁။ | အခန်း (၂၁)- WUA ၏ စီမံခန့်ခွဲရေးရန်ပုံငွေ | ၂၄ |
| ၂၂။ | အခန်း(၂၂)-ငွေစာရင်းများပြုစုခြင်း | ၂၄ |
| ၂၃။ | အခန်း(၂၃)-အငြင်းပွားမှုများ ဖြေရှင်းခြင်းအတွက် ပြဋ္ဌာန်းချက်များ ထုတ်ပြန်ခြင်း | ၂၅ |
| ၂၄။ | အခန်း(၂၄)-အသွင်ကူးပြောင်းမှု နည်းလမ်းများ | ၂၅ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက်
# ပူးပေါင်းပါဝင်ဆည်မြောင်းစီမံခန့်ခွဲမှုစနစ် (PIM) လမ်းညွှန်ချက်

## အခန်း (၁) – ခေါင်းစဉ် နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်

၁။ ဤလမ်းညွှန်ချက်ကို ပူးပေါင်းပါဝင်သော ဆည်မြောင်းစီမံခန့်ခွဲမှုစနစ် Participatory Irrigation Management (PIM) လမ်းညွှန်ချက်ဟု ခေါ်တွင်စေရမည်။

၂။ ဤလမ်းညွှန်ချက်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။

(က) ဥပဒေဆိုသည်မှာ ၂၀၁၇ ခုနှစ် ဆည်မြောင်းဥပဒေကို ဆိုသည်။

(ခ) ဦးစီးဌာနဆိုသည်မှာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနကိုဆိုသည်။

(ဂ) ဒေသဆိုင်ရာရုံးဆိုသည်မှာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပြည်နယ်နှင့်တိုင်းဒေသကြီးတွင်ရှိသော ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ ရုံးဌာနကို ဆိုသည်။

(ဃ) တောင်သူလယ်သမားဆိုသည်မှာ တူးမြောင်းဆည်ရေကိုအသုံးချ၍ ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးရေးလုပ်ငန်းများကို ကိုယ်တိုင်လုပ်ကိုင်နေသော မြေပိုင်ရှင် (သို့) စာချုပ် ချုပ်ဆို၍ မြေငှားရမ်းစိုက်ပျိုးသူ အားလုံးကိုဆိုသည်။

(င) ရေအသုံးချသူများအသင်း (WUA) ဆိုသည်မှာ ဤလမ်းညွှန်ချက်အရ ဖွဲ့စည်းတည်ထောင်ထားသော ရေအသုံးချသူများအသင်းကိုဆိုသည်။

(စ) ရေအသုံးချသူများအဖွဲ့ (WUG) ဆိုသည်မှာ ဤလမ်းညွှန်ချက်အရ ဖွဲ့စည်းတည်ထောင်ထားသော ရေအသုံးချသူများအဖွဲ့ကို ဆိုသည်။

(ဆ) အသင်းသားစုံညီ အစည်းအဝေး (GA) ဆိုသည်မှာ ဤလမ်းညွှန်ချက်အရ ပါဝင်ဖွဲ့စည်းထားသော (WUA) အသင်းတစ်သင်း၏ အထွေထွေ ကိစ္စရပ်များ တိုင်ပင်ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးကို ဆိုသည်။

(ဇ) ဦးဆောင်သူများဘုတ်အဖွဲ့ (BOD) ဆိုသည်မှာ ဤလမ်းညွှန်ချက်အရ ပါဝင်ဖွဲ့စည်းထားသော (WUA) အသင်းတစ်သင်း၏ တာဝန်ရှိသူများ ပါဝင်ဖွဲ့စည်းထားသော ဦးဆောင်သူများဘုတ်အဖွဲ့ကိုဆိုသည်။

(ဈ) စီမံခန့်ခွဲရေးဘုတ်အဖွဲ့ (MB) ဆိုသည်မှာ ရေအသုံးချသူများ အသင်း (WUA) အသင်း တစ်သင်း (သို့မဟုတ်) ရေအသုံးချသူများအဖွဲ့ (WUG) အဖွဲ့တစ်ဖွဲ့၏ အသင်းသားစုံညီ အစည်းအဝေးမှ ရွေးကောက် တင်မြှောက်ထားသည့် အဖွဲ့ဝင်များပါဝင်ဖွဲ့စည်းထားသော အမှုဆောင် အဖွဲ့ကို ဆိုသည်။

(ည) အငြင်းပွားမှုဖြေရှင်းရေးကော်မတီဆိုသည်မှာ ဤလမ်းညွှန်ချက်အရ ပါဝင်ဖွဲ့စည်းထားသော ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ အငြင်းပွားမှု ဖြေရှင်းရေးကော်မတီကို ဆိုသည်။

၃။ ဤလမ်းညွှန်ချက်တွင် အသုံးပြုထားသော်လည်း အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိသောစကားလုံးများသည် မြန်မာနိုင်ငံတူးမြောင်းနှင့် ရေနုတ်မြောင်းများ ဆိုင်ရာ သာမန်အားဖြင့် အသုံးပြုနေသော ဥပဒေပါသတ်မှတ်ချက်များ၊ ဥပဒေနှင့်နည်းဥပဒေများတွင်ပါသော တူညီသည့် အဓိပ္ပါယ်သတ်မှတ်ချက်များ အတိုင်း သက်ရောက်စေရမည်။

## အခန်း (၂) – ရည်ရွယ်ချက်

မြန်မာနိုင်ငံဆည်မြောင်းကဏ္ဍ၏ ပဏာမခြေလှမ်းသည် သီးနှံစိုက်ပျိုးထုတ်လုပ်ရန်အတွက် ဆည်ရေသောက်စနစ်ကို ဖွံ့ဖြိုးတိုးတက်ရန်နှင့် ရေပေးသွင်းနိုင်သော ဧရိယာကိုတိုးချဲ့ပြီးစိုက်ပျိုးရေးထုတ်ကုန်များကို ပိုမိုတိုးတက်အောင် လုပ်ဆောင်ရန်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ဆည်မြောင်းအဆောက်အအုံများသည် သက်တမ်းကြာမြင့်၍ ပျက်စီးယိုယွင်းလာခြင်း၊ ပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်များရှိနေခြင်းစသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်ရန်အတွက် ရေအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချနိုင်ရေးသည် မြန်မာနိုင်ငံဆည်မြောင်းကဏ္ဍ၏ အရေးကြီးလုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်သည်။

ဦးစီးဌာနသည် ဆည်မြောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ပြုပြင်ထိန်းသိမ်းမှုကုန်ကျစရိတ် ထိရောက်စေရန်နှင့် ရေကိုအကျိုးရှိစွာ အသုံးပြုနိုင်ရန်အပြင် ရေအသုံးချသူများအသင်း အဖွဲ့အစည်းများမှတစ်ဆင့် ဌာနနှင့် တောင်သူလယ်သမားပူးပေါင်းပါဝင်သော ဆည်ရေစီမံခန့်ခွဲမှုစနစ်ကို လွယ်ကူစွာ စတင်အသုံးပြုနိုင်ရန်လည်း ဆောင်ရွက်ရန်ဖြစ်သည်။

## အခန်း (၃) –WUG/ WUA တည်ထောင်ခြင်း

(၁) မြောင်းမကြီး၊ လက်တံမြောင်း (သို့) လက်တံခွဲမြောင်းမှ တိုက်ရိုက်ရေပေးသော ရေထုတ်ပေါက်/လယ်ကြားမြောင်း (သို့) ရေထုတ်ပေါက်များ/လယ်ကြားမြောင်းများတွင် ရေအသုံးချသူများအဖွဲ့ WUG ကို ဖွဲ့စည်းနိုင်သည်။

(၂) မြောင်းမကြီး၊ လက်တံမြောင်း (သို့) လက်တံခွဲမြောင်း (သို့) ၎င်းတို့၏ အစိတ်အပိုင်းတစ်ခု၌ ရေအသုံးချသူများအသင်း WUA ကို ဖွဲ့စည်းနိုင်သည်။

စီးပွားရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော လုပ်ငန်းများအတွက် WUG အဖွဲ့များ ပါဝင်ဖွဲ့စည်းထားသော WUA အဖွဲ့ကို ထူထောင်နိုင်ရန် ဒေသဆိုင်ရာရုံးမှ ပံ့ပိုးဆောင်ရွက်ပေးရမည်။ WUA အဖွဲ့များအချင်းချင်း အပြန်အလှန်သဘောတူညီမှု (သို့) အပြန်အလှန်သဘောတူညီမှုတွင် မပါဝင်သောကိစ္စရပ်များတွင် WUA ၏ အဆုံးအဖြတ်အတိုင်းဖြစ်ရမည်။

(၃) မြောင်းမကြီး (သို့) မြောင်းခွဲတစ်ခု၏ ရေထုတ်ပေါက်/ လယ်ကြားမြောင်း၏ WUGဖွဲ့စည်းပုံနှင့် ဆောင်ရွက်ချက်များသည် ၎င်းနှင့် နီးစပ်ရာတွင်ရှိသော လက်တံမြောင်း WUA ၏ စီမံခန့်ခွဲမှုအောက်တွင် ပါဝင်ရမည် သို့မဟုတ် အလားတူ မြောင်းမကြီး (သို့) မြောင်းခွဲ တစ်ခု၏ ရေထုတ်ပေါက်/ လယ်ကြားမြောင်းများ၏ WUG များပါဝင်သော WUA ၏ စီမံခန့်ခွဲမှုအောက်တွင် ပါဝင်ရမည်။

(၄) ဒေသဆိုင်ရာရုံးသည် အထက်ပါ WUG/WUA ဖြစ်ပေါ်လာရန်နှင့် ဖွဲ့စည်းနိုင်ရန်အတွက် အဆင့်ဆင့်လုပ်ဆောင်ရမည်။

(၅) ဒေသဆိုင်ရာရုံးသည် ဤလမ်းညွှန်ချက်နှင့်အညီ WUG/WUA ၏ ဖွဲ့စည်းမှုများအတွက် လိုအပ်သည်များကို အဆင့်ဆင့်ဆောင်ရွက်ပေးရမည်။

(၆) ဆည်ရေသောက်ဧရိယာ၏ မြေမျက်နှာသွင်ပြင်၊ ရေလိုအပ်ချက်၊ လူမှုစီးပွားရှုထောင့်၊ နည်းပညာအရဖြစ်နိုင်ချေနှင့် ဆည်ရေသောက်စနစ် အရွယ်အစားကဲ့သို့သော WUG/WUA ဖွဲ့စည်းမှုနှင့် ဆက်နွယ်နေသော အချက်အလက်များကို ဤလမ်းညွှန်ချက်နှင့်အညီ သင့်လျော်စွာထည့်သွင်း စဉ်းစားရမည်။

## အခန်း (၄) – WUA နှင့် WUG ၏ အသင်းဝင်ဖြစ်ခြင်း

(၁) WUA နှင့် WUG ၏ အသင်းဝင်သည် ကျား/မ ၊ လူမျိုး၊ ဘာသာနှင့် ဇာတိတို့အပေါ် အခြေခံ၍ ခွဲခြားမှုမရှိဘဲ တောင်သူအားလုံးပါဝင်နိုင်သည်။

(၂) အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် WUG ၏ ခေါင်းဆောင်/ဒုခေါင်းဆောင် တစ်ယောက်အဖြစ် ရွေးကောက်ခံမည့်သူ (သို့) WUA (သို့) WUG ၏ အမှုဆောင်အဖွဲ့ဝင်တစ်ယောက်အဖြစ် ရွေးကောက်ခံရန် အရည်အချင်း မပြည့်ဝသူများ ဖြစ်သည်။ သူ/သူမ သည်–

(က) အဆိုပါစာရင်း တင်သွင်းဖြည့်စွက်ချက်၏ နောက်ဆုံးရက်စွဲ အပေါ် မူတည်၍ အသက် (၂၅) နှစ် အောက်ဖြစ်နေသူ

(ခ) လယ်ကြားမြောင်းရေအသုံးချသူအဖြစ် မှတ်ပုံတင်ထားခြင်း မရှိသော တောင်သူ

(ဂ) လယ်ကြားမြောင်းအတွင်း ပိုင်ရှင် (သို့) ပိုင်ရှင်ခွဲ (co–owner) မဟုတ်သူ

(ဃ) သူ/သူမသည် ကိုယ်ကျင့်တရားဖောက်ပြားခြင်းတွင် ပါဝင်သော ပြစ်မှုထင်ရှားမှုတစ်ခုကြောင့် စီရင်ချက်ချခံထားရသည်မှာ (၂)နှစ်တာ ကာလမပြည့်သေးသူ

(င) ကိုယ်ကျင့်တရားဖောက်ပြားခြင်းဖြင့် ပြည်သူ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်းခံရသူဖြစ်ပြီး ထုတ်ပယ်ပြီး(၂)နှစ်မပြည့်သေးသူ

(စ) သူ/သူမသည် ဤ ၁၉၀၅ ခုနှစ်၊ ဥပဒေ အခန်း(၁၁)အောက်ရှိ (သို့) ၂၀၁၇ ခုနှစ်၊ တာတမံဥပဒေ အခန်း(၇)နှင့် အခန်း(၆) အောက်တွင် ရှိသော ပြစ်မှုတစ်ခုကြောင့် စီရင်ချက်ချခံထားရသည်မှာ (၂) နှစ်တာ ကာလမပြည့်သေးသူ

(ဆ) BOD အဖွဲ့၊ MD အဖွဲ့ (သို့) WUA (သို့) WUG ၏ အခြား ကော်မတီ၏ စည်းကမ်းချက်များကို ဖောက်ဖျက်ထားသူ

(၃) WUA/WUG အသင်းဝင်တစ်ယောက်ဖြစ်လာရန် သင့်လျော်မှုနှင့်ပတ်သက်၍ အငြင်းပွားမှု ကိစ္စရပ်တွင် WUG/WUA အသင်းသားစုံညီအစည်းအဝေး၏ ဆုံးဖြတ်ချက် (သို့) ဒေသဆိုင်ရာရုံးမှ အခွင့်ရအာဏာပိုင်တစ်ယောက်၏ တရားဝင်ခွင့်ပြုချက် (သို့) အငြင်းပွားမှုဖြေရှင်းရေး ကော်မတီ၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးအတည်ဖြစ်သည်။

## အခန်း (၅) – WUG ဖွဲ့စည်းခြင်း

၁။ WUG တစ်ဖွဲ့တွင် WUG ဧရိယာအတွင်းမှ တောင်သူအားလုံးပါဝင်သင့်ပြီး WUG ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ WUG ၏ အသင်းသားစုံညီ အစည်းအဝေးတွင် ပါဝင်ဖွဲ့စည်းရမည်။

၂။ WUG ၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ ကျင်းပသော အသင်းသားစုံညီ အစည်းအဝေးတွင် ခေါင်းဆောင်နှင့် ဒု–ခေါင်းဆောင်တို့ကို ရွေးကောက်တင်မြှောက်ရမည်။ WUG မှ သင့်လျော်သည့် လုပ်ငန်းဆောင်တာများ လုပ်ဆောင်ခြင်း မပြုလုပ်နိုင်ပါက ဒု–ခေါင်းဆောင်အရေအတွက်ကို WUG ၏ အသင်းသားစုံညီအစည်းအဝေးတွင် ပြုပြင်ပြောင်းလဲနိုင်သည်။

၃။ WUG သည် WUA တစ်သင်းအဖြစ် မဖွဲ့စည်းနိုင်သေးဘဲ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းအောက်တွင် WUG/WUGs က လုပ်ငန်းဆောင်တာများကိုဆောင်ရွက်ခြင်း စသောကိစ္စရပ်များတွင် ထောက်ပံ့ပေးရန်အတွက် WUG ၏ အမှုဆောင်ဘုတ်အဖွဲ့ကို အခန်း(၆) တွင် ပါဝင်သော အပိုဒ် (၃)နှင့် အညီ WUA အသင်းကဲ့သို့ ဖွဲ့စည်းပေးနိုင်သည်။

## အခန်း (၆) – WUA ဖွဲ့စည်းခြင်း

၁။ WUA တစ်သင်းတွင် အသင်း၏ စည်းမျဉ်းစည်းကမ်းများအရ WUA ၏ ဧရိယာများမှ တောင်သူများအားလုံးပါဝင်သင့်ပြီး WUA ၏ အသင်းသားစုံညီ အစည်းအဝေး၊ ဦးဆောင်သူများ ဘုတ်အဖွဲ့နှင့် စီမံခန့်ခွဲရေးဘုတ်အဖွဲ့ တို့လည်း ပါဝင်ဖွဲ့စည်းရမည်။

၂။ ဦးဆောင်သူများဘုတ်အဖွဲ့ (BOD) တွင် WUGs အဖွဲ့အားလုံး၏ ခေါင်းဆောင်များ ပါဝင်ရမည်။ WUA တစ်သင်းကို WUGs (၅) ဖွဲ့ထက်နည်းပြီး ဖွဲ့စည်းသော ကိစ္စရပ်များတွင် ဦးဆောင်သူများ ဘုတ်အဖွဲ့ဝင်များသည် WUA ၏ တောင်သူများအားလုံးထဲမှ ရွေးကောက်တင်မြှောက်ပေးနိုင်ရန် ပံ့ပိုးပေးရမည်။

၃။ စီမံခန့်ခွဲရေးဘုတ်အဖွဲ့ (MB) ကို WUA ၏ အသင်းသားစုံညီ အစည်းအဝေးမှ ဆုံးဖြတ်နိုင်သည်။ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဦးဆောင်သူများဘုတ်အဖွဲ့ (BOD) အဖွဲ့ဝင်များမှ ရွေးကောက်ထားသော ကိုယ်စားလှယ်လောင်းများကို ဆုံးဖြတ်ပြီးလျှင် အောက်ဖော်ပြပါ ရုံးအဖွဲ့ကို ဖွဲ့စည်းရမည်။

(က) ဥက္ကဋ္ဌ

(ခ) ဒု– ဥက္ကဋ္ဌ

(ဂ) အတွင်းရေးမှူး

(ဃ) ဘဏ္ဍာရေးမှူး

(င) စာရင်းစစ်

(စ) အထွေထွေအမှုဆောင်အဖွဲ့ဝင် (၈)ဦးနှင့် စီမံခန့်ခွဲရေးဘုတ်အဖွဲ့ဝင်များကို WUA ဧရိယာ အားလုံးမှ ညီတူညီမျှ ရွေးချယ်တင်မြှောက်သင့်ပါသည်။

WUA တွင် စီမံခန့်ခွဲရေးဘုတ်အဖွဲ့(MB) ထားရှိရန် မဖြစ်နိုင်ပါက ဦးဆောင်သူများဘုတ်အဖွဲ့ (BOD) သည် WUA ၏ စီမံခန့်ခွဲရေးဘုတ်အဖွဲ့ဝင် အရေအတွက်ကို ပြုပြင်ပြောင်းလဲပေးနိုင်သည်။

၄။ အသင်းသားစုံညီ အစည်းအဝေး၏ သဘောတူညီချက်အရ ဘဏ္ဍာရေးကော်မတီ၊ ရေပေးဝေရေးကော်မတီစသော လုပ်ငန်းကော်မတီများကို WUA ၏ ပူးပေါင်းစီမံဆောင်ရွက်မှုများ တိုးတက်စေရန် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းနိုင်သည်။

၅။ ဒေသဆိုင်ရာရုံးသည် သင့်လျော်သော ဝန်ထမ်း(သို့) တူးမြောင်းဝန်ထမ်းကို WUA ၏ မှတ်တမ်းမှတ်ရာများအား ထိန်းသိမ်းပေးနိုင်သော ရုံးအတွင်းရေးမှူးအနေဖြင့် ကိုယ်စားလွှဲနိုင်သည်။ ထိုအတွင်းရေးမှူးသည် WUA ၏ မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းစောင့်ရှောက်ပြီး WUA မှ လုပ်ဆောင်သော အခြားလုပ်ငန်းဆောင်တာများကို လုပ်ဆောင်နိုင်သူဖြစ်သင့်ပါသည်။

## အခန်း (၇) – WUG ခေါင်းဆောင်များ၏ ကိုယ်စားပြုခြင်း

WUG ခေါင်းဆောင်တစ်ဦးသည် WUA ၏ အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးကောက်ခြင်းခံရခဲ့လျှင် အခြားသော WUG ခေါင်းဆောင်တစ်ဦးကို အစားထိုးခန့်ထားရန်ဖြစ်သည်။

၁။ WUA ၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ (သို့) အခြားအမှုဆောင်အဖြစ် ရွေးကောက်ခြင်းခံရသော WUG ခေါင်းဆောင်တစ်ယောက်သည် ၎င်း၏ လုပ်ငန်းတာဝန်များကို WUG ၏ အစည်းအဝေးမှ ရွေးကောက်ခံထားရသော အခြား WUG ခေါင်းဆောင်တစ်ဦးအား လွှဲပြောင်းနိုင်သည်။ ဤအချက် သည် WUA ၏ အသင်းသားစုံညီအစည်းအဝေးမှ သဘောတူညီမှုအတိုင်းဖြစ်ရမည်။

## အခန်း (၈) – အမှုဆောင်အဖွဲ့ဝင်များ၏သက်တမ်း

အမှုဆောင်အဖွဲ့ဝင်များ၏ သက်တမ်းကို သတ်မှတ်ပြဋ္ဌာန်းရမည်။

၁။ WUG ၏ ခေါင်းဆောင်၊ ဒု–ခေါင်းဆောင်၊ WUA/ WUG ၏ စီမံခန့်ခွဲရေးဘုတ်အဖွဲ့ (သို့) WUA ၏ ဦးဆောင်သူများဘုတ်အဖွဲ့တို့၏ သက်တမ်းသည် (၂)နှစ် ဖြစ်ရမည်။ WUA/ WUG အမှုဆောင်အဖွဲ့ဝင်များ၏ ရွေးကောက်ပွဲကို (၂)နှစ်ပြည့်တိုင်း ကျင်းပရမည်။

၂။ WUA/ WUG ၏ အမှုဆောင်အဖွဲ့ဝင်များကို ပြန်လည်ခန့်ထားနိုင်သည်။

## အခန်း (၉) – နယ်မြေစီမံခန့်ခွဲပိုင်ခွင့်

သတ်မှတ်နယ်မြေဒေသများကို ခြုံငုံမိစေရန် WUG/WUA မှ သတ်မှတ်ရမည်။

၁။ WUA တစ်သင်းနှင့် WUG တစ်ဖွဲ့၏ နယ်မြေစီမံခန့်ခွဲပိုင်ခွင့်သည် WUG/ WUA ဖွဲ့စည်းထားသော ဆည်ရေသောက်ဒေသနယ်နိမိတ်အတွင်းရှိ ရေသောက်ဒေသအားလုံးအထိ ဖြစ်သည်။

## အခန်း (၁၀) – WUA မှတ်ပုံတင်ခြင်း

အစိုးရဌာနသို့ WUA မှတ်ပုံတင်ရန်အတွက် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ရမည်။

၁။ ဦးစီးဌာနသည် ဒေသဆိုင်ရာရုံး (သို့) ဦးစီးဌာန၏ ရုံးချုပ်တွင် တာဝန်ထမ်းဆောင်နေသော အရာထမ်းများမှ WUA အတွက် မှတ်ပုံတင်ပေးရန် ဆောင်ရွက်ရမည်။ ၎င်းဝန်ထမ်းများသည် ဤလမ်းညွှန်ချက် အရ WUA

မှတ်ပုံတင်ခြင်းနှင့် ဆက်နွယ်သော လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရမည်။

၂။ WUA တစ်သင်းသည် မှတ်ပုံတင်ပေးသူနှင့် မှတ်ပုံတင်ပြီးလျှင် ၎င်းကိုယ်တိုင် အသင်း ဖွဲ့စည်းခြင်း (သို့) ပြန်လည်ဖွဲ့စည်းခြင်းတို့ကို ပြုလုပ်နိုင်သည်။

၃။ ဤလမ်းညွှန်ချက်အရ မှတ်ပုံတင်ထားခြင်းမရှိလျှင် မည်သည့် WUA မှ အခွင့်အရေးနှင့် အထူးအခွင့်အရေး(သို့) အခွင့်အာဏာများအတွက် ခံစားခြင်း မပြုရ။

၄။ မှတ်ပုံတင်သည့်လျှောက်လွှာကို WUA တစ်သင်း၏ ဦးဆောင်သူများ ဘုတ်အဖွဲ့မှ တစ်ဆင့် ဒေသဆိုင်ရာရုံးရှိ မှတ်ပုံတင်ပေးသူထံသို့ တင်သွင်းရမည်။

၅။ WUA တစ်သင်း မှတ်ပုံတင်မည်ဆိုလျှင် –

(က) စည်းမျဉ်းများနှင့်အညီ အသင်းသားစုံညီအစည်းအဝေး ဖွဲ့စည်းကျင်းပပြီး ဖြစ်ရမည်။

(ခ) WUA ၏ ဦးဆောင်သူများဘုတ်အဖွဲ့နှင့် စီမံခန့်ခွဲရေးဘုတ်အဖွဲ့တို့ကို ရွေးကောက်ပြီးဖြစ်ရမည်။

(ဂ) WUA ၏ ဦးဆောင်သူများဘုတ်အဖွဲ့မှ ပြင်ဆင်သော လျှောက်လွှာ ဖြစ်ရမည်။

(ဃ) ဦးစီးဌာနနှင့် WUA တို့က ပူးပေါင်းပါဝင်သော ဆည်မြောင်းစီမံခန့်ခွဲမှု စနစ်အတွက် စာချုပ်ကို လက်မှတ်ရေးထိုးရန် သဘောတူညီပြီး ဖြစ်ရမည်။

၆။ WUA တစ်သင်း၏ မှတ်ပုံတင်ခြင်းနှင့်ဆက်စပ်သော ဆုံးဖြတ်ချက်များ အတွက် မေတ္တာရပ်ခံတောင်းဆိုမှုများကို ဒေသဆိုင်ရာရုံးတွင် လုပ်ဆောင်နိုင်သည်။

## အခန်း (၁၁)– WUA မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်း

WUA မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရန်အတွက် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ရမည်။

(၁) ဤလမ်းညွှန်ချက်အရ WUA ဖျက်သိမ်းသောအခါ WUA မှတ်ပုံတင်ခြင်းသည် ပယ်ဖျက်ပြီးဖြစ်သည်။

## အခန်း (၁၂)– ယာယီရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းနှင့် ဖယ်ရှားခြင်း

ပြဿနာတစ်စုံတစ်ရာဖြစ်လာပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၏ စည်းမျဉ်းဥပဒေများအတိုင်း WUA ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁။ WUA ၏ ဦးဆောင်သူများဘုတ်အဖွဲ့ကို အောက်ဖော်ပြပါအတိုင်း ရာထူးမှ ယာယီရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းနှင့် ဖယ်ရှားခြင်းများ ဆောင်ရွက်နိုင်သည်။

(က) ဦးစီးဌာနသည် (၎င်း၏အဆုံးအဖြတ်ဖြင့်သော်လည်းကောင်း၊ နစ်နာသူများမှတိုင်ကြားချက်များ (သို့မဟုတ်) လိုအပ်သော စုံစမ်းစစ်ဆေးမှုများအရ WUA ၏ စီမံခန့်ခွဲရေးဘုတ်အဖွဲ့ (MB) မှ ထုတ်ပြန်ချက်များအပေါ် အခြေခံ၍သော်လည်းကောင်း) အခန်း (၁၂) တွင် ဖော်ပြထားသော မည်သည့်အကြောင်းအရာများနှင့် ပတ်သက်၍မဆို WUA ဦးဆောင်သူများဘုတ်အဖွဲ့ (BOD) ၏ ဆောင်ရွက်ချက်များကို ယာယီရပ်ဆိုင်းနိုင် သည်။

(ခ) ၎င်းယာယီရပ်ဆိုင်းခြင်းအမိန့်သည် ဆောလျင်စွာ မရုပ်သိမ်းခဲ့လျှင် ရက်ပေါင်း(၃၀) အာဏာ တည်စေရမည်။

(ဂ) အခန်း(၁၂)၊ အပိုဒ်(၁) ၏ နံပါတ်(က)အရ အမိန့်တစ်ရပ်ကို ချမှတ်ရာတွင်

(၁) ဦးစီးဌာနသည် ပြည်သူများ၏အကျိုးကို ကာကွယ်ရန် လိုအပ်သောစီစဉ်မှုများကို ဆောင်ရွက်ရမည်။

(၂) ဦးစီးဌာနသည် အခန်း(၁၂)၊ အပိုဒ်(၁)၏ နံပါတ်(က)အရ အကျိုးအကြောင်း ဆီလျော်ပါက WUA တစ်သင်း၏ ဦးဆောင်သူများဘုတ်အဖွဲ့ ဖျက်သိမ်းခြင်းလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်နိုင်သည်။

(ဃ) ဦးစီးဌာနသည် အများပြည်သူအကျိုးငှာ အကျိုးအကြောင်း ဆီလျော်မှုရှိလျှင် ချမှတ်ထားသော ယာယီရပ်ဆိုင်းခြင်းအမိန့်ကို မည်သည့်အချိန်တွင်မဆို ရုပ်သိမ်းနိုင်သည်။

၂။ ဦးစီးဌာနသည် (နစ်နာသူတစ်ဦး၏ တိုင်ကြားချက်အရ (သို့မဟုတ်) ၎င်း၏ ဆုံးဖြတ်ချက်အရ ကြားနာစစ်ဆေးပြီးလျှင်) WUA (သို့) WUG ၏ အထွေထွေအစည်းအဝေးမှ အဖွဲ့ဝင်တစ်ဦး (သို့) စီမံခန့်ခွဲရေးဘုတ်အဖွဲ့မှ ဝန်ထမ်းတစ်ဦးကို အောက်ဖော်ပြပါအချက်များအား ဖောက်ဖျက်လျှင် ရာထူးဆိုင်းငံ့နိုင်သည်။

(က) ဦးစီးဌာန၊ WUA နှင့် WUG ၏ ကျင့်ဝတ်၊ ညွှန်ကြားချက်၊ စည်းကမ်းများအတိုင်း တာဝန်များကိုထမ်းဆောင်ရန် ပျက်ကွက်ခြင်း။

(ခ) WUA ၏ ဦးဆောင်သူများ ဘုတ်အဖွဲ့(သို့) အသင်းသားစုံညီအစည်းအဝေးများကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ (၃)ကြိမ်တိုင်တိုင် ပျက်ကွက်ခြင်း။

(ဂ) ပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားများကို အခြေခံ၍ WUA နှင့်အတူ ပူးပေါင်း ဆောင်ရွက်ရန် လျစ်လျူရှုထားခြင်း။

(ဃ) ပြဋ္ဌာန်းထားသော အက်ဥပဒေ(သို့) စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်း။

(င) WUA/ WUG နှင့် ဦးစီးဌာန၏ ရန်ပုံငွေများကို အလွဲသုံးစားပြုလုပ်ခြင်း။

(စ) လုပ်ပိုင်ခွင့်အာဏာအား အလွဲသုံးစားပြုခြင်း။

(ဆ) ရုံးအလုပ်များကို ထိခိုက်စေသော စည်းကမ်းမလိုက်နာသည့် အပြုအမူများ ပြုလုပ်ခြင်း။

(ဇ) စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်း။

၃။ ၎င်းယာယီရပ်ဆိုင်းခြင်းအမိန့်သည် ဆောလျင်စွာ မရုပ်သိမ်းခဲ့လျှင် ရက်ပေါင်း (၃၀) အတွင်း အာဏာတည်စေရမည်။

(အခန်း-၁၂) ၏ အပိုဒ်(၁)နံပါတ်(ခ)နှင့်တူညီသည်။)

၄။ ဤလမ်းညွှန်ချက်အရ ယာယီရပ်ဆိုင်းခြင်းအမိန့်ကို ထုတ်ပြန်ခဲ့ပြီးဖြစ်လျှင် ဌာနသည် (ပါဝင်သည့်အဖွဲ့အစည်းများ (သို့) လူပုဂ္ဂိုလ်များအား ဆင့်ခေါ်စာ ထုတ်၍ ကြားနာစစ်ဆေးပြီးသောအခါ) WUA/ WUG ၏ အသင်းသား စုံညီ အစည်းအဝေးမှ အဖွဲ့ဝင်တစ်ဦး (သို့) စီမံခန့်ခွဲရေးဘုတ်အဖွဲ့မှ မည်သည့် ဝန်ထမ်းမဆို ထုတ်ပယ်နိုင်သည်။

## အခန်း(၁၃)- စီမံခန့်ခွဲမှုဆိုင်ရာ ပြန်လည်သုံးသပ်ရန် တောင်းဆိုခြင်းနှင့် ဖျက်သိမ်းခြင်း

အထက်တွင် ဖော်ပြခဲ့သော အခြေအနေများကို WUA မှ သဘောတူညီမှု မရှိခဲ့လျှင် WUA သည် စီမံခန့်ခွဲမှုဆိုင်ရာ ပြန်လည်သုံးသပ်ရန်အတွက် တောင်းဆို နိုင်သည်။

၁။ အခန်း(၁၂)တွင် ပြဋ္ဌာန်းထားသော်ငြားလည်း ဦးစီးဌာနသည် (၎င်း၏ အဆုံးအဖြတ်ဖြင့်သော်လည်းကောင်း၊ နစ်နာသူများမှ တိုင်ကြားချက်များ (သို့) လိုအပ်သော စုံစမ်းစစ်ဆေးမှုများအရ WUA ၏ စီမံခန့်ခွဲရေးဘုတ်အဖွဲ့ (MB)မှ ထုတ်ပြန်ချက်များအပေါ် အခြေခံ၍သော်လည်းကောင်း) WUA ၏

ဦးဆောင်သူများဘုတ်အဖွဲ့ (သို့) WUG ၏ စီမံခန့်ခွဲရေးဘုတ်အဖွဲ့ ဖျက်သိမ်းရန်အတွက် လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်နိုင်သည်။

၂။ ဤကိစ္စရပ်များကိုယ်စားဆောင်ရွက်ရန် ဦးစီးဌာနသည် WUA ဦးဆောင်သူများ ဘုတ်အဖွဲ့ (သို့) WUG ၏ စီမံခန့်ခွဲရေးဘုတ်အဖွဲ့သို့ ဆင့်ခေါ်စာပေးပို့ရန် ဖြစ်ပြီး ကြားနာမည့်နေရာနှင့် နေ့ရက်ကို ဆင့်ခေါ်စာထုတ်သည့်နေ့မှစ၍ (၇) ရက်ထက်မစော (၁၄) ရက်ထက်နောက်မကျစေဘဲ ရက်သတ်မှတ်ပေးရမည်။

၃။ ဤကိစ္စရပ်များကိုယ်စားဆောင်ရွက်ရန် ဦးစီးဌာနသည် အထက်တွင် ဖော်ပြခဲ့သည့် ကြားနာရန်ရက် (သို့) ထိုရက်ထက်နောက်ကျသည့် မည်သည့်ရက်မဆို ရွှေ့ဆိုင်းနိုင်သည်။ ပါဝင်သည့် အဖွဲ့အစည်းများမှ ကြားနာစစ်ဆေးမှုနှင့် လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးသည့်အခါ အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီကြောင်းတွေ့ရှိရပါက WUA ဦးဆောင်သူများဘုတ်အဖွဲ့(သို့) WUG ၏ စီမံခန့်ခွဲရေး ဘုတ်အဖွဲ့များကို ဖျက်သိမ်းရန် အမိန့်ထုတ်ပြန်နိုင်သည်။

(က) ပြဋ္ဌာန်းထားသော အက်ဥပဒေ(သို့) စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်း၊

(ခ) လုပ်ပိုင်ခွင့်အာဏာအား အလွဲသုံးစားပြုခြင်း၊

(ဂ) ဦးစီးဌာန၊ WUA နှင့် WUG ၏ ကျင့်ဝတ်၊ ညွှန်ကြားချက်၊ စည်းကမ်းများအတိုင်း တာဝန်များကိုထမ်းဆောင်ရန် ပျက်ကွက်ခြင်း၊

(ဃ) စီမံခန့်ခွဲမှုညံ့ဖျင်းခြင်း၊

(င) ဘဏ္ဍာငွေ အလွဲသုံးစားခြင်း၊

(စ) ပြည်သူ့အကျိုးအတွက် စီမံခန့်ခွဲမှုမထိရောက်ခြင်း၊ လွဲမှားခြင်း။

၄။ ဤလမ်းညွှန်ချက်အရ ဦးဆောင်သူများဘုတ်အဖွဲ့(သို့) စီမံခန့်ခွဲရေးဘုတ်အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ဦးစီးဌာနသည် သင့်လျော်မှန်ကန်အကျိုးဖြစ်စေသော အစီအမံများကို ချမှတ်ဆောင်ရွက်ရန်ဖြစ်သည်။

၅။ အကျိုးဖြစ်စေသော စီစဉ်မှုများတွင် (အခန်း (၁၂) ၏ အပိုဒ်(၁) နှင့် ဤအခန်း၏ အပိုဒ်(၄) တွင် ဖော်ပြထားသောအချက်များအပြင် အောက်ပါအချက်များလည်း ပါဝင်သည်။

(က) WUA/ WUG ၏ တောင်သူများဖြင့် ဖွဲ့စည်းထားသော ယာယီစီမံခန့်ခွဲရေးဘုတ်အဖွဲ့ (သို့) ဦးဆောင်သူများဘုတ်အဖွဲ့ကို ခန့်အပ်ထားခြင်း။

(ခ) WUA (သို့) WUG ၏ စီမံခန့်ခွဲမှုကို (အခန်း(၆) အပိုဒ်(၅)တွင် ဖော်ပြထားသော) တူးမြောင်းဝန်ထမ်းတစ်ဦးမှ လွှဲပြောင်းရယူစေရေး စီစဉ်ညွှန်ကြားခြင်း။

## အခန်း (၁၄)– ညွှန်ကြားချက်များ၊ အစီရင်ခံစာများနှင့် စုံစမ်းမေးမြန်းခြင်းများ

၁။ ဦးစီးဌာနသည်

(က) ပြည်သူများ၏အကျိုးအတွက် ဆီလျော်သောယူဆချက်များ၊ လမ်းညွှန်ချက်များကို WUA ထံ ပေးအပ်ခြင်း။

(ခ) အထက်တွင်ဖော်ပြထားသည့် WUA နှင့် ဆက်စပ်သော မည်သည့်အရေးကိစ္စရပ်များကိုမဆို WUA မှ တင်ပြမှုကို ဖိတ်ခေါ်လက်ခံခြင်း။

(ဂ) WUA ၏ အရေးကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန်အတွက် စီစဉ်ခြင်းနှင့် စုံစမ်းစစ်ဆေးရာမှရရှိသောအချက်များကိုအခြေခံကာ အများပြည်သူအကျိုးငှာ လိုအပ်သောလုပ်ဆောင်ချက်များကို စီစဉ်ဆောင်ရွက်ခြင်း။

(ဃ) WUA အသင်းတစ်သင်း၏ လုပ်ဆောင်ချက်များကို အကဲဖြတ်ပြီး သင့်လျော်သော ယူဆချက်များအတိုင်း အကဲဖြတ်မှုအပေါ်အခြေခံ၍ ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်း။

၂။ WUA က ညွှန်ကြားချက်များကို မလိုက်နာခြင်း(သို့) အစီရင်ခံစာတင်ပြမှု မရှိခြင်း(သို့) WUA ၏ လုပ်ဆောင်ချက်များတွင် ကျေနပ်ဖွယ်ရာမရှိသော အချက်များတွေ့ရှိခြင်းကိစ္စများတွင် ဦးစီးဌာနက ပြည်သူအကျိုးငှာ လိုအပ်သော စီစဉ်ညွှန်ကြားမှုများပေးရမည်။

၃။ ဆည်ရေခိုးယူသုံးစွဲခံရခြင်းကို တားဆီးရန်နှင့် ရေထုတ်ပေါက်များမှ ရေညီမျှစွာ ဖြန့်ဝေခြင်း များကို စစ်ဆေးရန် WUA မှ ထိထိရောက်ရောက် မဆောင်ရွက်နိုင်သော ကိစ္စများတွင် ဒေသဆိုင်ရာရုံးသည် အများပြည်သူ အကျိုးငှာ သင့်လျော်သောစီမံဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်ပြီး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့မှု အသေးစိတ်အစီရင်ခံစာကို ဦးစီးဌာနသို့ ပေးပို့ရမည်ဖြစ်သည်။

၄။ တူးမြောင်း (သို့) အရေးပါသော အခြားမည်သည့်အစိတ်အပိုင်းကိုမဆို နှောင့်ယှက်ဖျက်ဆီးခြင်းခံထားရသည့်ကိစ္စများကို WUA မှ သင့်လျော်သော နည်းလမ်းများဖြင့် အချိန်နှင့်တပြေးညီ ဆောင်ရွက်ခြင်းမရှိသော ကိစ္စများတွင် ဒေသဆိုင်ရာရုံးသည် ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက် များနှင့်အညီ ပြည်သူများ၏အကျိုးအတွက် လိုအပ်သောအဆင့်အားလုံးကို ဆောင်ရွက်ရမည်။

၅။ ဤအခန်းရှိ အပိုဒ်(၃) နှင့် (၄)တွင် ပါဝင်သည့် ဆောင်ရွက်ချက်များမှ အသုံးစရိတ်များကို ဒေသဆိုင်ရာရုံးမှ ဘဏ္ဍာငွေကြေးဖြင့် ဆောင်ရွက်ရမည်။

၆။ ဤလုပ်ထုံးလမ်းညွှန်၏ အခန်း(၁၉) အောက်ရှိ သဘောတူညီမှုအတိုင်း ဆောင်ရွက်ခြင်း မရှိလျှင်(သို့) ငွေကြေးဘဏ္ဍာများကို သင့်တင့်စွာကိုင်တွယ်ခြင်းမရှိလျှင် WUA သည် မှန်ကန်သော တိုင်းတာစစ်ဆေးမှုများကို ပြုလုပ်ရမည်။ အသုံးစရိတ်များနှင့် ငွေပေးချေမှုများကို ပိုမိုထိရောက်စွာ ဆောင်ရွက် နိုင်ရန်အတွက် WUAs အသင်းများမှ ပြုလုပ်ရမည်။ WUA တစ်ခုသည် တက်ကြွအောင်မြင်စွာဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်နေကြောင်း သေချာမှုရှိလျှင် ဒေသဆိုင်ရာရုံးများမှ ချမှတ်ထားသောအမိန့်အာဏာကို ရုပ်သိမ်းနိုင်သည်။

## အခန်း (၁၅)– ရွေးကောက်ပွဲ

၁။ ဤလမ်းညွှန်မှုအရ ရွေးကောက်ပွဲများကို ကျင်းပရမည်။ သင့်လျော်သော မဲပေးသူများစာရင်းကို စည်းမျဉ်းစည်းကမ်းများနှင့်အညီပြင်ဆင်၍ စာရင်း ပြုစုရမည်။

၂။ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် မဲပေးရန် အရည်အချင်းမပြည့်မီသူများ ဖြစ်သည်။ သူ/ သူမသည် –

(က) WUG/WUA ဧရိယာအတွင်းမှ တောင်သူလယ်သမား တစ်ယောက် မဟုတ်သူ၊

(ခ) နောက်ဆုံးမဲပေးသူများစာရင်း ထုတ်ပြန်သည့်နေ့တွင် အသက်(၁၈)နှစ် မပြည့်သူ၊

(ဂ) ရေခွန်ပေးဆောင်ရန် သတ်မှတ်ထားသော အချိန်ပြည့်သည့်နေ့မှစ၍ (၃)လအတွင်း WUA ထံ ရေခွန်ပေးဆောင်ရန် ပျက်ကွက်သူ (သို့) WUA ကိုယ်စားကောက်ခံသော ရေခွန် နှင့် အခြားအဖိုးအခများကို တစ်လအတွင်း ပေးဆောင်ရန် ပျက်ကွက်သူ၊

(ဃ) ကြွေးမြီမဆပ်နိုင်ကြောင်း ကြေညာခံထားရသူ၊

(င) စိတ်မနှံ့သူ။

၃။ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုနှင့် မဲပေးသူများဆိုင်ရာ အငြင်းပွားမှုများကို ဦးစီးဌာန(သို့) ဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်း(သို့)ဦးစီးဌာနမှ တက်ကြွသူများဖြင့် ပါဝင်ဖွဲ့စည်းထားသော အငြင်းပွားမှုဖြေရှင်းရေး ကော်မတီတို့မှ ဆုံးဖြတ်ပေးရမည်။

## အခန်း (၁၆)– WUG ၏ အခန်းကဏ္ဍနှင့် တာဝန်ယူမှုများ

၁။ ဤလမ်းညွှန်ချက်အရ ဖွဲ့စည်းထားသော WUG သည် အောက်ပါ လုပ်ဆောင်ချက်များကို ဆောင်ရွက်ရမည်။

(က) ညီမျှသော ဆည်ရေဖြန့်ဝေရေးအတွက် အငြင်းပွားဖွယ်ရာများကို ပြေလည်အောင် ဆောင်ရွက်ပေးရန်၊

(ခ) လက်တံမြောင်း(သို့) လက်တံခွဲမြောင်းများအတွင်းသို့ ကျွဲနွားများ ဖြတ်သန်းဝင်ရောက်ခြင်းကို တားဆီးရန်၊

(ဂ) လယ်ကြားမြောင်းများ ထိန်းသိမ်းရေးတွင် ကူညီပံ့ပိုးရန်၊

(ဃ) လယ်ကြားမြောင်းများ ကောင်းမွန်အောင် ဆောင်ရွက်ရန်၊

(င) ရေထုတ်ပေါက်များ မဆင်မခြင်ဖောက်ခြင်းအား WUA ကို တင်ပြရန်၊

(စ) ရေထုတ်ပေါက်များမှ ရေပေးဝေမှုပြတ်လပ်ခြင်းအား တင်ပြရန်၊

(ဆ) အကျိုးကြောင်းဆီလျော်သော အလှည့်ကျရေပေးဝေမှု အစီအစဉ်များကို တောင်သူ များထံသို့ အချိန်နှင့်တစ်ပြေးညီ မျှဝေပေးရန်၊

(ဇ) ရေခွန်ပေးဆောင်မှုများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်ရန်၊ တောင်သူများနှင့် အခြားဆည်ရေအသုံးပြုသူများကို စည်းရုံးရန်၊

(ဈ) လယ်ကြားမြောင်းနှင့် ဆက်စပ်နေရာများကို ကာကွယ်ရန်၊

(ည) အထက်ပါလုပ်ဆောင်ချက်များ လုပ်ဆောင်ရန်အတွက် အခြား လိုအပ်ချက်များကို လည်းသင့်လျော်သလို လိုက်နာဆောင်ရွက်ရန်။

## အခန်း (၁၇)– WUA ၏ အခန်းကဏ္ဍနှင့် တာဝန်ယူမှုများ

၁။ ဦးစီးဌာနသည် ဖော်ပြထားသော အပိုဒ်(၂) တွင် (က)မှ(ဏ) အထိ အချက်အားလုံး(သို့) မည်သည့်အချက်နှင့်မဆို ဆက်စပ်နေသည့်လုပ်ငန်း များကို WUA အသင်းတစ်ခုထံသို့ (လမ်းညွှန်ချက်၏ အခန်း(၁၉)အောက်တွင် ပါရှိသည့် သဘောတူညီမှုမှတဆင့်) လွှဲပြောင်းနိုင်သည်။

WUA ဖွဲ့စည်းခြင်းနှင့် ၎င်း၏ လုပ်ပိုင်ခွင့်သည် အခြေအနေအမြင်များကို ထိန်းသိမ်းထား၍ တဖြည်းဖြည်း တိုးတက်လာနိုင်သည်။

၂။ အကြောင်းအရာအပိုဒ်(၁) အရ WUAသည် ဖော်ပြပါလုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရမည်။

(က) အတည်ပြုထားသော ဒီဇိုင်းအရ ဆည်မြောင်းအဆောက်အဦ များနှင့်တကွ လုပ်ငန်း လည်ပတ်ဧရိယာအတွင်းရှိ မြောင်းမကြီး၊ လက်တံမြောင်း (သို့) လက်တံခွဲမြောင်း (သို့) ၎င်းတို့၏ အစိတ်အပိုင်း များကို စီမံထိန်းသိမ်းအသုံးပြုရန်၊

(ခ) WUA သို့ စီမံခန့်ခွဲမှုများကို လွှဲပြောင်းထားသော ဆည်ရေသောက် ဧရိယာတွင် ခွင့်ပြုထားသည့် ဆည်ရေပမာဏကို ရယူသုံးစွဲရန်၊

(ဂ) တောင်သူလယ်သမားများကို ဆည်ရေသောက်ဧရိယာအတွင်း ထိရောက်မျှတစွာ ရေပေးဝေနိုင်ရန်၊

(ဃ) ၎င်းဧရိယာအတွင်း ရေအရည်အသွေးအပါအဝင် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်၊

(င) ရေအသုံးချသူများထံမှ ရေခွန်နှင့် အခြားဆက်စပ်အဖိုးအခများ ကောက်ယူမှုကို အကဲဖြတ်ရန်၊

(စ) သက်ဆိုင်ရာ တာဝန်ရှိသူများမှ ရေခွန်၊ အသင်းဝင်ကြေးနှင့် အခြား ဆက်စပ်အဖိုးအခများကို စုဆောင်းရန်၊

(ဆ) ကောက်ယူစုဆောင်းထားသော ရေခွန်များကို ဦးစီးဌာနနှင့်အတူ ဘဏ်သို့ပေးသွင်းရန်၊

(ဇ) WUA မှ အခြားဝန်ဆောင်ခများကိုလည်း ကောက်ယူစုဆောင်းရန်၊

(ဈ) စိုက်ပျိုးဧရိယာမှတောင်သူများ (သို့) အခြားရေအသုံးချသူများအကြားတွင် ဖြစ်ပေါ်နိုင်သော အငြင်းပွားဖွယ်ရာများကိုလည်း လမ်းညွှန်ချက်ပါ စည်းမျဉ်းဥပဒေများနှင့်အညီ ဖြေရှင်းပေးရန်၊

(ည) အထက်ပါလုပ်ဆောင်ချက်များ လုပ်ဆောင်ရန်အတွက် အခြား လိုအပ်ချက်များကိုလည်း သင့်လျော်သလို လိုက်နာဆောင်ရွက်ရန်၊

(ဋ) ပြစ်မှုထင်ရှားခြင်းကြောင့် တရားစွဲဆိုသောကိစ္စများတွင် ဦးစီးဌာနအား ကူညီဆောင်ရွက်အစီရင်ခံရန်၊

(ဌ) ရေခိုးယူသုံးစွဲခံရခြင်းကို စစ်ဆေး၍ ဒေသဆိုင်ရာရုံးသို့ တင်ပြရန်၊

(ဍ) WUA ဧရိယာအတွင်း တူးမြောင်းဝန်ထမ်းနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဎ) တူးမြောင်းများကောင်းမွန်တိုးတက်ရေးလုပ်ငန်း လုပ်ဆောင်ရာတွင် ပါဝင်ထိန်းသိမ်း ကူညီဆောင်ရွက်ရန်၊

(ဏ) တူးမြောင်းများအတွင်း ကျိုးကြောင်းညီညွတ်သော ရေလှည့်စနစ်များ ဖော်ဆောင်ရာတွင် တူးမြောင်းဝန်ထမ်းများကို ကူညီဆောင်ရွက်ရန်။

## အခန်း (၁၈)– ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

WUG/WUA ၏ အခန်းကဏ္ဍကို ပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းပေးရမည်။

၁။ WUA နှင့် သဘောတူညီထားသော သတ်မှတ်ပြဋ္ဌာန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရန်နှင့် ပူးတွဲစီမံခန့်ခွဲမှု(သို့) ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်များ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဖွံ့ဖြိုးလာစေရန်အတွက် ဦးစီးဌာနသည် အောက်ဖော်ပြပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

(က) WUA (သို့) WUG ဧရိယာအတွင်းမှ ရေအသုံးချသူများနှင့် အကျိုးခံစားသည့် တောင်သူများကို စာရင်းပြုစုရန်၊

(ခ) မြေမျက်နှာသွင်ပြင်၊ ရေလိုအပ်ချက်၊ မိုးရေချိန်၊ ရေလွှတ်အား စသည့်လိုအပ်ချက်များကို စာရင်းကောက်ယူရန်၊

(ဂ) မြေပြင်အခြေအနေ၊ ရေလိုအပ်ချက်၊ ရာသီဥတုအခြေအနေ စသည့် အချက်များအပေါ် အခြေခံ၍ ရေဖြန့်ဝေရေးအစီအစဉ်များကို တိုးတက်အောင်စီမံရန်၊

(ဃ) WUA (သို့) WUG ဧရိယာအတွင်းမှ ရေဖြန့်ဝေရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးရန်၊

(င) ဆည်မြောင်းစနစ်ကို ထိန်းသိမ်းလည်ပတ်စီမံခန့်ခွဲရန်၊

(စ) WUA (သို့) WUG ထူထောင်ခြင်းနှင့် လည်ပတ်ခြင်းတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ

ဆက်စပ်ဌာနများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကဲ့သို့သော အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ကူညီပံ့ပိုးရန်၊

(ဆ) ပူးပေါင်းစီမံဆည်မြောင်းစနစ်မှတစ်ဆင့်ပို၍ ကောင်းမွန်သော ပူးတွဲစီမံခန့်ခွဲမှုများ ဖြစ်ပေါ်လာစေရန်အတွက် အကျိုးခံစားသည့် တောင်သူများနှင့် ပြည်သူများကို သက်ဆိုင်ရာ သတင်းအချက်အလက်များ မျှဝေပေးရန်။

## အခန်း (၁၉)– ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ WUA သို့ လုပ်ထုံးလုပ်နည်းများ လွှဲပြောင်းခြင်း

၁။ ဦးစီးဌာနသည် ဆည်မြောင်းဆိုင်ရာ အစိတ်အပိုင်းတစ်ခု၏ စီမံခန့်ခွဲမှုကို WUA သို့ အစီအစဉ်အလိုက် အဆင့်ဆင့်လွှဲပြောင်းပေးခြင်းနှင့် ၎င်းအတွက် WUA နှင့် သဘောတူညီမှုများရရှိရန် စနစ်တကျ သေချာစွာ စီမံဆောင်ရွက်ရမည်။ ဤသို့လွှဲပြောင်းပေးခြင်း သဘောတူညီချက်သည် ဦးစီးဌာန၏ ပိုင်ဆိုင်မှုတစ်စုံတစ်ရာအား WUA သို့ လွှဲပြောင်းပေးခြင်း မဟုတ်ပါ။

## အခန်း (၂၀)– အငြင်းပွားမှု ဆုံးဖြတ်ချက်

၁။ WUA ၏ လုပ်ပိုင်ခွင့်အာဏာ၊ လုပ်ငန်းဆောင်တာများ၊ တရားစီရင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုများအားလုံးအတွက် ဦးစီးဌာန (သို့) အငြင်းပွားမှုဖြေရှင်းရေးကော်မတီက ဆုံးဖြတ်မည်ဖြစ်သည်။

အငြင်းပွားမှုဖြေရှင်းရေးကော်မတီသည် ဦးစီးဌာန၏ အထွေထွေကြီးကြပ်မှုနှင့် စီမံခန့်ခွဲမှုအောက်တွင် လုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည်။

၂။ ဦးစီးဌာန (သို့) အငြင်းပွားမှုဖြေရှင်းရေးကော်မတီ၏ ဆုံးဖြတ်ချက်(သို့) ညွှန်ကြားချက်တို့သည် အပြီးသတ်ဖြစ်ပြီး အငြင်းပွားမှုနှင့်ပတ်သက်နေသူအားလုံးအပေါ်တွင် သက်ရောက်စေရမည်။

တူးမြောင်းအရာရှိ(သို့) အငြင်းပွားမှုဖြေရှင်းရေးကော်မတီသည် ဦးစီးဌာန၏ အထွေထွေကြီးကြပ်မှုနှင့် စီမံခန့်ခွဲမှုအောက်တွင် လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

၃။ အက်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအရ တူးမြောင်းရေရယူသုံးစွဲနေသောတောင်သူများ အချင်းချင်း(သို့) အခြားသော ရေအသုံးချသူများအကြားတွင် ဖြစ်ပွားသောအငြင်းပွားမှုအားလုံးကို သက်ဆိုင်ရာဧရိယာရှိ WUG မှ ဖြေရှင်းရမည်။

ရေအသုံးချသူတစ်ဦးသည် အငြင်းပွားမှုဆိုင်ရာတင်ပြစာကို WUG ခေါင်းဆောင်ထံသို့ တိုက်ရိုက်ပေးပို့ရမည်။ အကယ်၍ WUA ဥက္ကဋ္ဌ (သို့) အတွင်းရေးမှူးထံသို့ တိုက်ရိုက်ပေးပို့ခဲ့ပါက ၎င်းတင်ပြစာအား WUG ခေါင်းဆောင်ထံသို့သာ လွှဲပြောင်းပေးပို့သွားရမည်ဖြစ်သည်။

၄။ WUG သည် အငြင်းပွားမှုကို (၇)ရက်အတွင်း မဖြေရှင်းနိုင်ပါက ၎င်းဧရိယာရှိ WUA ထံသို့ လွှဲပြောင်းပေးရမည်။ အကယ်၍ WUG မှ လွှဲပြောင်းပေးရန် ပျက်ကွက်ခဲ့လျှင် အငြင်းပွားမှုတွင် ပါဝင် ပတ်သက်သူများမှ WUA ထံသို့ အငြင်းပွားမှုဖြေရှင်းပေးရန် ဦးတိုက်လျှောက်ထားရမည်။

၅။ WUA သည် ပြဋ္ဌာန်းထားသည့် အက်ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်မချမီ ၎င်းဧရိယာရှိ WUG နှင့် ညှိနှိုင်းတိုင်ပင်ရမည်။

၆။ ဤလမ်းညွှန်ချက်အရ ဆုံးဖြတ်ချက်အပေါ် နစ်နာသူတစ်ဦးက ဦးစီးဌာန (သို့) ဦးစီးဌာနက ဖွဲ့စည်းပေးထားသော အငြင်းပွားမှုဖြေရှင်းရေးကော်မတီထံသို့ အယူခံဝင်နိုင်ပြီး ဦးစီးဌာန(သို့) အငြင်းပွားမှုဖြေရှင်းရေးကော်မတီ၏ အဆုံးအဖြတ်သည် အပြီးသတ်ဖြစ်သည်။

## အခန်း (၂၁)- WUA ၏ စီမံခန့်ခွဲရေးရန်ပုံငွေ

၁။ WUA တိုင်းသည် ရန်ပုံငွေထူထောင်ရမည်။ ၎င်းငွေကြေးများအားလုံးကို WUA မှ မှတ်တမ်းတင်၍ လက်ခံရမည်။

၂။ ဘဏ္ဍာရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ခြင်းကို ဦးစီးဌာနနှင့် ဦးစီးဌာန၏ ညွှန်ကြားချက်များအရ ဆုံးဖြတ်ရမည်။ WUA ရန်ပုံငွေများကို အောက်ပါ လုပ်ငန်းစဉ်များအတွက် အသုံးပြုသင့်သည်။

(က) ဦးစီးဌာနနှင့် သဘောတူထားသည့် တူးမြောင်းလုပ်ငန်းများ(သို့)

(ခ) လုပ်ငန်းလည်ပတ်မှုဝန်ဆောင်ခနှင့် ကုန်ကျစရိတ်များ(သို့)

(ဂ) ကြိုတင်အသုံးစရိတ်များ(သို့)

(ဃ) ထိန်းသိမ်းစရိတ်များ(သို့)

(င) ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားဆက်စပ်လုပ်ငန်းများအတွက် စရိတ်များ

၃။ နှစ်စဉ်ဘဏ္ဍာငွေ စာရင်းရှင်းတမ်းကို ဦးဆောင်သူများဘုတ်အဖွဲ့မှ တာဝန်ယူ ပြုစုပြီး အတည်ပြုချက်ရယူရန် WUA ၏ အသင်းသားစုံညီ အစည်းအဝေးတွင် တင်ပြရမည်။

## အခန်း(၂၂)-ငွေစာရင်းများပြုစုခြင်း

၁။ WUA တိုင်းသည် လိုအပ်သော ငွေစာရင်းစာအုပ်နှင့် ဘဏ္ဍာရေးမှတ်တမ်း များကို စီးပွားရေး လုပ်ငန်းအသွင်ထိန်းသိမ်းထားရှိပြီး အောက်ဖော်ပြပါ ဘဏ္ဍာငွေကြေး အချက်အလက်များကိုလည်း ပြင်ဆင်ရမည်။

(က) ဝင်ငွေနှင့် အသုံးစရိတ် စာရင်းစာအုပ်

(ခ) ယခင်နှစ်များမှ ငွေပေးချေမှုများနှင့် လက်ခံပြေစာများ

(ဂ) ငွေလက်ကျန်ရှင်းတမ်းများ

၂။ WUA သည် သက်ဆိုင်ရာဘဏ္ဍာနှစ်၏ နှစ်ချုပ်စာရင်းပိတ်ပြီး (၃) လထက် နောက်မကျဘဲ ဦးစီးဌာန၏ လမ်းညွှန်ချက်အတိုင်း စာရင်းစစ်၏ နှစ်စဉ် စစ်ဆေးမှုကို ခံယူရမည်။

## အခန်း(၂၃)–အငြင်းပွားမှုများ ဖြေရှင်းခြင်းအတွက် ပြဋ္ဌာန်းချက်များ ထုတ်ပြန်ခြင်း

၁။ ဦးစီးဌာနသည် ၎င်းအခက်အခဲများကို ဖယ်ရှားရန်အတွက် လမ်းညွှန်ချက်ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသော အကြောင်းအရာများကို ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆောင်ရွက်ဖြေရှင်းရမည်။

## အခန်း(၂၄)–အသွင်ကူးပြောင်းမှု နည်းလမ်းများ

ဤလမ်းညွှန်မပြဋ္ဌာန်းမီက ဖွဲ့စည်းထားပြီးသော WUG (သို့) WUA များ အတွက် အထူးပြင်ဆင်ချက်များ ပြဋ္ဌာန်းရမည်။

၁။ ဤအပိုဒ်များကို ပြဋ္ဌာန်းထားသော်လည်း

(က) ဖွဲ့စည်းထားပြီးဖြစ်သော မည်သည့် WUA နှင့် WUG အဖွဲ့များ၊ စည်းမျဉ်းစည်းကမ်းများအရ ထုတ်ပြန်ထားသော လမ်းညွှန်ချက် များနှင့် လုပ်ဆောင်ချက်များကိုမဆို ဤလမ်းညွှန်ချက်အရ ဖွဲ့စည်း ထုတ်ပြန်လုပ်ဆောင်ထားသည်ဟု မှတ်ယူရမည်။

(ခ) စည်းမျဉ်းစည်းကမ်းများအရ ကျင်းပခဲ့သောရွေးကောက်ပွဲများသည် ဤလမ်းညွှန်ချက်၏ ရည်ရွယ်ချက်များနှင့် ကျိုးကြောင်းညီညွတ် သဖြင့် ဆက်လက်အကျုံးဝင်သည်။